**Democracy and Election Academy Lesson Plan**

**ပထမနေ့**

| **အချိန်** | **အကြောင်းအရာ** | **လုပ်ငန်းစဉ်** | **လိုအပ်သည့်ပစ္စည်းများ** | **တာဝန်ခံ** |
|---|---|---|---|---|
| **၉:၃၀ - ၉:၄၀** | **လက်မှတ်ထိုးခြင်း**<br>**(၁၀ မိနစ်)** | သင်တန်းသားများမှ သင်တန်းတက်ရောက်ကြောင်း လက်မှတ်ရေးထိုးခြင်း<br>သင်တန်းအကူမှ **<u>သင်တန်းအစီအစဉ်စာရွက်</u>** နှင့် **<u>သင်ရိုးညွှန်းတမ်း</u>** စာအုပ်များကို စားပွဲများပေါ်တွင် အသင့်ထားထားပါ။ | ၁။ သင်တန်းအစီအစဉ်စာရွက် (သင်တန်းသားအရေအတွက်အတိုင်း)<br>၂။ သင်ရိုးညွှန်းတမ်းစာအုပ် (သင်တန်းသားအရေအတွက်အတိုင်း) | သင်တန်းအကူ |
| **၉:၄၀ - ၁၀:၄၀** | **မိတ်ဆက်ခြင်း**<br>**(မိနစ် ၆၀)** | **<u>သင်တန်းသားများအား ကြိုဆိုစကားပြောဆိုရန် (၂၀ မိနစ်)</u>**<br>• ဦးဆောင်သူ/PACE မှ မိမိကိုယ်ကိုမိတ်ဆက်ခြင်း၊ သင်တန်းသားများ နှင့် အဖွဲ့အစည်းများ၏ ပါဝင်မှုကို ကျေးဇူးတင်စကားပြောကြားခြင်း (Talk)<br>• မိမိအဖွဲ့အကြောင်းပြောခြင်း (PP)<br>• DE အကယ်ဒမီနှင့် ရည်ရွယ်ချက်ကိုပြောခြင်း (PP)<br>• သင်တန်းအစီအစဉ်များကို **<u>သင်တန်းအစီအစဉ်စာရွက်</u>** အသုံးပြု၍ရှင်းပြပါ။<br>• အောက်ပါတို့ကိုမှာရန်<br>  ○ သင်တန်းအားသတ်မှတ်ချိန်မတိုင်ခင်အရောက်လာရန်<br>  ○ သင်တန်းတွင်ရှိသော စီမံခန့်ခွဲထားရှိမှုများကို ပြောပြရန် (အစားအသောက်စီစဉ်ထားရှိမှုနှင့် အချိန်၊ သင်ထောက်ကူပစ္စည်းများထောက်ပံ့မှုနှင့် အခြားမည်သည့် ငွေကြေးအထောက်ပံ့ပေးခြင်း မရှိကြောင်းနှင့် သန့်စင်ခန်းနေရာ)<br>  ○ သင်တန်းတွင် ဓာတ်ပုံများမှတ်တမ်းရယူသည့်အခါ လူမှုကွန်ရက်အပါအဝင် မီဒီယာများတွင် အသုံးပြုခြင်းကို သဘောတူ၊ မတူ မေးမြန်းပါ။ သဘောမတူသူများ၏ ဓာတ်ပုံများကို အသုံးပြုမည်မဟုတ်ကြောင်း ရှင်းပြပါ။<br>  ○ **သင်တန်းအကြိုစစ်ဆေးမေးခွန်းဖြေဆိုရန် (၅မိနစ်)** | ၁။ Powerpoint<br>၂။ သင်တန်းအကြိုစစ်ဆေးမေးခွန်း (သင်တန်းသားအရေအတွက်အတိုင်း) | ဦးဆောင်သူ |

**<u>သင်တန်းသားအချင်းချင်းရှာဖွေသည့် လေ့ကျင့်ခန်း (bingo game) (၂၀ မိနစ်)</u>**

- အောက်ပါ ဇယားကွက်ကို မိတ္တူများပြုလုပ်ပြီး သင်တန်းသားတစ်ဦးချင်းစီကိုဝေပါ။
- သင်တန်းသားများအား သက်ဆိုင်ရာအဖြေများရရှိရန်အချင်းချင်း ရှာဖွေမေးမြန်းရမည်။
- သက်ဆိုင်ရာအဖြေများကို ကွက်လပ်များတွင်ဖြည့်ပါ။ အနည်းဆုံး အတန်းတစ်တန်းလုံး နှင့် တိုင်တစ်ခုလုံး အတွက် အဖြေများ အပြည့်အစုံရရှိအောင် ဆောင်ရွက်ပါ။
- အရင်ဆုံး အဖြေမှန်ရရှိသူသည် နိုင်သူဖြစ်ပြီး ၎င်း၏အဖြေများကို ဖတ်ပြစေ၍ သက်ဆိုင်ရာ သင်တန်းသားများမှအတည်ပြုရမည်။
- အဖြေအားလုံးမှန်ကန်ပါက ပြီးဆုံးကြောင်းကြေညာပြီး မှားယွင်းပါက ဒုတိယအရင်ဆုံးပြီးသူ၏ အဖြေများကို ဖတ်ပြစေ၍ သက်ဆိုင်ရာ သင်တန်းသားများမှ အတည်ပြုရမည်။ ဤနည်းလမ်းဖြင့် အဖြေမှန်သူပေါ်ထွက်အောင်ဆောင်ရွက်ပြီး ကစားခြင်းကို အဆုံးသတ်ပါ။
- Activity ချိန် ၁၅ မိနစ် နှင့် အဖြေတိုက်ချိန် ၁၀ မိနစ်

| | | | |
|---|---|---|---|
| **ဇွန်လတွင် မွေးဖွားသူ**<br><br>**အမည်** ________<br>**မွေးရက်** ________ | **ဘာသာစကား ၃ မျိုးအထက်ပြောနိုင်သူ**<br>**အမည်** ________<br>**ဘာသာစကားများ**<br>________________ | **သားသမီးရှိသူ**<br>**အမည်** ________<br>**သားသမီးအမည်များ**<br>____________________ | **ရေကူးတတ်သူ**<br>**အမည်** ________<br>**ကူးနိုင်သည့်အကွာအဝေး (ပေ/ကိုက် ဖြင့်)** ________ |
| **အရက်/ဘီယာ မသောက်သူ**<br>**အမည်** ________<br>**ဘာလို့မသောက်လဲ**<br>_____________ | **ပြည်သူ့နီတိသင်တန်း မတက်ဖူးသူ**<br>**အမည်** ________<br>**ဘာလို့မတက်လဲ**<br>_____________ | **စာမေးပွဲကျဖူးသူ**<br>**အမည်** ________<br>**ဘယ်အတန်းလဲ**<br>_____________ | **ဂုဏ်ထူးထွက်ဖူးသူ**<br>**အမည်** ________<br>**ဘယ်ဘာသာလဲ**<br>_____________ |

၁။ ပုံနှိပ်ပြီးသား Bingo Game ဇယားကွက် (သင်တန်းသားအရေအတွက်အတိုင်း)

<table>
<tr>
<td></td>
<td></td>
<td>
<table>
<tr>
<td>ခွေးကိုက်ခံရဖူးသူ<br><br>အမည် ________<br>ဘယ်တုန်းကလဲ<br>_____________</td>
<td>စက်ဘီးတိုက်ခံရဖူးသူ<br><br>အမည် ________<br>ဘယ်တုန်းကလဲ<br>_____________</td>
<td>အသားမစားသူ<br><br>အမည် ________ ဘာလို့<br>မစားတာလဲ<br>_____________</td>
<td>တောင်ထိပ်ရောက်အောင်ခြေလျင်တက်ဖူးသူ<br>အမည် ________<br>ဘယ်တောင်လဲ၊<br>_____________</td>
</tr>
<tr>
<td>ဆန္ဒပြဖူးသူ<br>အမည် ________<br>ဘယ်တုန်းကလဲ<br>_____________</td>
<td>ရွေးကောက်ပွဲစောင့်ကြည့်ဖူးသူ<br>အမည် ________<br>ဘယ်တုန်းကလဲ<br>_____________</td>
<td>ရပ်ရွာပြဿနာဖြေရှင်းဖူးသူ<br>အမည် ________<br>ဘာပြဿနာလဲ<br>_____________</td>
<td>ဆံပင်အနီရောင်ဆိုးဖူးသူ<br>အမည် ________<br>ဘယ်တုန်းကလဲ<br>_____________</td>
</tr>
</table>
<br>
<u>သင်တန်းသားများမိတ်ဆက်စကားပြောခြင်း (၂၅ မိနစ်)</u><br>
သင်တန်းသားတစ်ဦးချင်းစီ မိတ်ဆက်စကားပြောခိုင်းပါ။<br>
အမည်၊ အဖွဲ့အစည်း၊ ရာထူး/လက်ရှိအလုပ်အကိုင်နှင့် သင်တန်းတက်ရောက်ဖြစ်သည့် ရည်ရွယ်ချက်များပါဝင်ရမည်။
</td>
<td></td>
<td></td>
</tr>
<tr>
<td>၁၀း၄၀-၁၀း၅၀</td>
<td><u>သင်တန်းသားများ လိုက်နာရမည့်ကျင့် ဝတ်များ လက်မှတ် ရေးထိုးခြင်းနှင့် သင်တန်းစည်းမျဉ်း စည်းကမ်းများရေးဆွဲခြင်း</u><br>(၁၀ မိနစ်)</td>
<td>
<u>သင်တန်းသားများလိုက်နာရမည့် ကျင့်ဝတ်များ လက်မှတ်ရေးထိုးခြင်း</u> (၅ မိနစ်)<br>
• သင်တန်းသားများကို ကျင့်ဝတ်စာရွက်များကို ဝေပေးပြီး ဦးဆောင်သူမှလည်း ဖတ်ပြပါ။ သင်တန်းသားတစ်ဦးအတွက် ကျင့်ဝတ် ၂စုံစီ လက်မှတ်ရေးထိုးခိုင်းပါ။<br>
• ထို့နောက် လက်မှတ်ရေးထိုးထားသော ကျင့်ဝတ် ၁စုံစီကို သင်တန်းအကူမှ ပြန်လည်သိမ်းယူပါ။ ကျန် ၁စုံကို သင်တန်းသားများမှ သိမ်းယူခိုင်းထားပါ။<br>
<u>သင်တန်းစည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း။</u> (၅ မိနစ်)<br>
• သင်တန်းသားများကို ထည့်သွင်းစေချင်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ပြောစေပြီး သင်တန်းအကူက flipchart တွင်လိုက်ရေးပါ။<br>
• သင်တန်းစည်းမျဉ်းများတွင် အောက်ပါအချက်များပါဝင်နိုင်ပါသည်။<br>
    ○ တခြားသူ၏ စကားကို နားထောင်ပေးရန်<br>
    ○ လေ့ကျင့်ခန်းများတွင်ပါဝင်လုပ်ဆောင်ရန်
</td>
<td>၁။ Flip chart ၁ ရွက်<br>၂။ permanent marker<br>၃။ တိပ်<br>၄။ ကျင့်ဝတ် ၂ စုံစီ (သင်တန်းသားအရေအတွက်အတိုင်း)</td>
<td>သင်တန်းအကူ</td>
</tr>
</table>

| | | | | |
|---|---|---|---|---|
| | | ○ တယ်လီဖုန်းများ အသံပိတ်ထားရန်<br>○ အချင်းချင်းလေးစားစွာဆက်ဆံရန် | | |
| **၁၀း၅၀-၁၁း၁၅** | **အစိုးရစနစ်များ အကြောင်း (၂၅ မိနစ်)** | **<u>အစိုးရပုံစံ ၄ မျိုးကိုသင်ကြားခြင်း</u>**<br>• သင်တန်းသားများကို ၎င်းတို့ကြားဖူးသည့် အစိုးရပုံစံစနစ်များအကြောင်းကို မေးမြန်း၍ စာရင်းပြုစုပါ။ သင်တန်းအကူကို flipchart တစ်ခုပေါ်တွင် လိုက်ရေးခိုင်းပါ။<br>• ထို့နောက် အောက်ပါ ဂရပ်ကိုရေးဆွဲပြီး ပါဝင်မှုနှင့်ယှဉ်ပြိုင်မှုအပေါ်အခြေခံတိုင်းတာပြီး အစိုးရပုံစံ ၄ မျိုးကိုရှင်းပါ။<br><br>• စာရင်းပြုစုထားသောအစိုးရပုံစံများကို အမျိုးအစား ၄ မျိုးတွင်ထည့်သွင်းကြည့်ပါ။ | ၁။ flipchart ၁ ရွက် | ဦးဆောင်သူ<br>သင်တန်းအကူ |
| **၁၁း၁၅-၁၁း၃၀** | **ခေတ္တနားချိန်**<br>**(tea break)** | | | |

| | | | | |
|---|---|---|---|---|
| **၁၁း၃၀-၁၁း၅၅** | **ဒီမိုကရေစီ အဓိပ္ပာယ်နှင့် ဒီမိုကရေစီ၏ လက္ခဏာရပ်များ (၂၅ မိနစ်)** | **Brainstorming Activity (၁၀ မိနစ်)**<br>• သင်တန်းအကူမှ A3 ၅ ရွက်ပြင်ထားပါ။<br>• အုပ်စု ၅ ဖွဲ့ခွဲပါ။ အုပ်စု တစ်စုလျှင် A3 တစ်ရွက်စီပေးပါ။<br>• သင်တန်းသားများအား ဒီမိုကရေစီကို မိမိကိုယ်ပိုင် စကားလုံးဖြင့်အဓိပ္ပာယ်ဖွင့်စေပါ။ A3 စာရွက်တွင် ချရေးခိုင်းပါ။<br>• တစ်အုပ်စုလျှင် တစ်ယောက်တစ်မျိုးစီရေးရမည်။ ထိုအမျိုးအစားများသည် မတူညီရပါ။ တစ်ယောက်တစ်မျိုးထက်လည်း ပိုရေးနိုင်သည်။<br>• ထို့နောက် အဖြေများရေးထားသော A3 စာရွက်များကို သင်တန်းအကူမှ နံရံတွင်ကပ်ထားပါ။ အဖြေကို ပြန်မစစ်ဆေးသေးဘဲ ဒီမိုကရေစီကို PP သုံး၍ ဆက်လက်သင်ပါ။<br>**PP မှ ဒီမိုကရေစီအဓိပ္ပာယ် ရှင်းပြပါ။ (၁၅ မိနစ်)**<br>**နောက်ဆက်တွဲမေးခွန်း။** ။ “လူအများမှ မည်သို့ အုပ်ချုပ်မလဲ” ဟုမေးမြန်းပါ။ ဖြေဆိုမှုပြီးပါက PP မှ “ဒီမိုကရေစီသည် ပြည်သူမှ တိုက်ရိုက်သော်၎င်း၊ ရွေးချယ်ခံကိုယ်စားလှယ်များမှသော်၎င်း အစိုးရ၏အာဏာကို ထိန်းချုပ်ကွပ်ကဲသောအုပ်ချုပ်ရေး စနစ်ဖြစ်သည်” ကို ရှင်းပြပါ။<br>ထို့နောက်<br>• ဒီမိုကရေစီ၏ လက္ခဏာရပ်များ<br>• တိုက်ရိုက်ဒီမိုကရေစီ<br>• ကိုယ်စားပြုဒီမိုကရေစီ<br>• ပါဝင်ဆောင်ရွက်မှုဒီမိုကရေစီ အဓိပ္ပါယ်များကို PP ဖြင့် ရှင်းပြပါ။ | ၁။ A3 ၅ ရွက်<br>၂။ permanent marker ၅ ချောင်း<br>၃။ တိပ် | ဦးဆောင်သူ<br>သင်တန်းအကူ |
| **၁၁း၅၅-၁၂း၃၀** | **ဒီမိုကရေစီ၏ အခြေခံစံနှုန်းများ (၃၅ မိနစ်)** | • အဖွဲ့ ၂ ဖွဲ့ခွဲပါ။ (၂၀ မိနစ်)<br>**“ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်သည့်အချက်များ”** နှင့် **“ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အချက်များ”** လေ့ကျင့်ခန်းပြုလုပ်ရန်အတွက် တစ်ဖွဲ့လျှင် flipchart ၂ရွက်စီပေးပါ။ (စုစုပေါင်း flipchart ၂ ရွက် ၂စုံအား သင်တန်းအကူမှ ကြိုတင်ပြင်ဆင်ထားပါ။)<br>• **“ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်သည့်အချက်များ”** နှင့် **“ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အချက်များ”** ရေးထားသော စာရွက်အပိုင်းအစများကို သင်တန်းအကူမှ | ၁။ Flipchart ၂ရွက် ၂စုံ<br>၂။ ပုံနှိပ်ထားသော စာရွက်ပိုင်းများ<br>၃။ ကော်ဘူး ၂ ဘူး<br>၄။ powerpoint | ဦးဆောင်သူ<br>သင်တန်းအကူ |

ကြိုတင်ပြင်ဆင်ထားပြီး စားပွဲတစ်ခုတည်းပေါ်တွင် ဖြန့်ကျဲထားပါ။

- အဖွဲ့တစ်ဖွဲ့ချင်းစီမှ သင်တန်းသားများအား စားပွဲပေါ်မှ စာရွက်အပိုင်းအစများကို တစ်ကြိမ်လျှင် တစ်ရွက်စီ ရွေးချယ်၍ ဆွေးနွေးတိုင်ပင်ပြီး **"ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်သည့်အချက်များ"** နှင့် **"ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အချက်များ"** flipchart စာရွက်အောက်တွင် မှန်အောင်ကပ်စေပါ။

| **ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်သည့် အချက်များ** | **ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့် အချက်များ** |
|---|---|
| လွတ်လပ်စွာပြောဆိုခွင့်ရှိခြင်း | တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း |
| လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိခြင်း | ငြိမ်းချမ်းရေး ရရှိလာခြင်း |
| သမာသမတ်ရှိသော ရွေးကောက်ပွဲများ အချိန်မှန်ကျင်းပခြင်း | အခြေခံကုန်စျေးနှုန်းများ ကျဆင်းလာခြင်း |
| တရားဥပဒေအောက်တွင် လူတိုင်းတန်းတူညီမျှ အခွင့်အရေးရှိခြင်း | အလုပ်လက်မဲ့များ လျော့နည်းသွားခြင်း |
| လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးစနစ်အားကောင်းခြင်း | မိသားစုအလိုက် ဝင်ငွေများတိုးလာခြင်း နှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း |
| အစိုးရအား နိုင်ငံသားများမှ ရွေးချယ်တင်မြှောက်နိုင်ခြင်းနှင့် ဖြုတ်ချနိုင်ခြင်း | တစ်အိမ်ထောင်လျှင် တစ်ဦးသာမဲပေးခွင့်ရရှိခြင်း |
| လူများစု၏ ဆန္ဒဖြင့်အုပ်ချုပ်ခြင်းဖြစ်သော်လည်း လူနည်းစု၏အခွင့်အရေးများကို အပြည့်အဝအကာကွယ်ပေးခြင်း | တစ်ပါတီစနစ်ကျင့်သုံးခြင်း |
| လူတိုင်းအဆင့်အတန်းခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံရခြင်းနှင့် တန်းတူအခွင့်အရေးများရှိခြင်း | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာခြင်း |

| | |
|---|---|
| အရွယ်ရောက်သူတိုင်းမဲပေးခွင့်ရှိပြီး<br>တစ်ဦးလျှင်တစ်မဲပေးခွင့်ရှိခြင်း | လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း၊ လျှပ်စစ်မီး အစရှိသည့်<br>အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်လာခြင်း |
| ပါတီစုံ စနစ်ကျင့်သုံးခြင်း | ရာဇဝတ်မှုများ လျော့နည်းကင်းစင်လာခြင်း |
| လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးခြင်း | မူးယစ်ဆေးဝါးပြဿနာများ လျော့နည်းကင်းစင်လာခြင်း |
| ပြည်သူလူထု၏ တောင်းဆိုချက်များကို<br>အစိုးရမှဖြေရှင်းပေးရခြင်း | အဂတိလိုက်စားမှုများ လျော့နည်းလာခြင်း |
| အစိုးရ၏ဆောင်ရွက်မှုများတွင် တာဝန်ယူမှုတာဝန်ခံမှုရှိခြင်း | စစ်မှုနည်းပညာရပ်များ ပိုင်ဆိုင်လာခြင်း |
| အစိုးရ၏ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှုရှိခြင်း | ကျန်းမာရေးစောင့်ရှောက်မှုကောင်းခြင်း |
| လူမျိုးရေး၊ ဘာသာရေး နှင့် နိုင်ငံရေးအယူအဆ<br>ကွဲပြားမှုများကြား လေးစားမှုနှင့် သည်းခံမှုရှိခြင်း | ပညာရေးဝန်ဆောင်မှုများကောင်းခြင်း |
| လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ရှိသည် | ကုန်ထုတ်လုပ်မှုများ တိုးတက်လာခြင်း |
| မတူညီသောအုပ်စုများအကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့်<br>ညှိနှိုင်းအဖြေရှာခြင်း | နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးတက်လာခြင်း |
| လူတိုင်းတန်းတူစီးပွားရေးဆိုင်ရာအခွင့်အရေးများရရှိခြင်း | လူသားအရင်းအမြစ်များဖွံ့ဖြိုးလာခြင်း |
| နိုင်ငံရေး ရာထူးနေရာများတွင်<br>နိုင်ငံသားတိုင်းရွေးချယ်ခံပိုင်ခွင့်ရှိခြင်း | နိုင်ငံကိုအုပ်ချုပ်မည့် ခေါင်းဆောင်ကို လူနည်းစုကသာ<br>ရွေးချယ်တင်မြှောက်ခြင်း |

| | | | | |
|---|---|---|---|---|
| | | • ထို့နောက် PP မှ ဒီမိုကရေစီ၏ အခြေခံစံနှုန်းများကို သင်ပါ။<br>• ထို့နောက် **"ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်သည့်အချက်များ"** နှင့် **"ဒီမိုကရေစီဖြစ်ထွန်းမှု တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသည့်အချက်များ"** activity အတွက် အဖြေတိုက်ပါ။<br>• Brainstorming Activity တွင် ရေးထားသော ဒီမိုကရေစီအဓိပ္ပာယ်များတွင် ဒီမိုကရေစီကို တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခြင်း ရှိ၊ မရှိ သွားရောက် စစ်ဆေးခိုင်းပါ။<br>• Activity နှစ်ခုလုံးတွင် အဖြေအမှန်ဆုံးနှင့် အရင်ဆုံးပြီးစီးသည့် အဖွဲ့ မှ အနိုင်ရမည်။<br>ထို့နောက် အခြေခံတန်ဖိုး ၃ခုနှင့် "ဒီမိုကရေစီ၏ လက္ခဏာရပ်များ စစ်တမ်းတွေ့ရှိချက်" ကို PP တွင်ပြ၍ဆက်လက်သင်ကြားပါ။ (၁၅ မိနစ်) | | |
| **၁၂း၃၀-၁း၃၀** | **နေ့လည်စာ** | | | |
| **၁း၃၀- ၁း၄၅** | **Icebreaking Activity (၁၅ မိနစ်)** | အဖွဲ့နှစ်ဖွဲ့ခွဲပြီး မျက်နှာချင်းဆိုင်ရပ်ခိုင်းပါ။<br><br>သင်တန်းသားများကို ဦးဆောင်သူက instruction ပေးသည့် အတိုင်းလိုက်လုပ်ခိုင်းပါ။<br>၁ ဟုဦးဆောင်သူက အော်လျှင် မျက်နှာချင်းဆိုင်လူနှစ်ယောက်က highfive လုပ်ရမည်။<br>၂ ဟုဦးဆောင်သူက အော်လျှင် သင်တန်းသားများသည် squat လုပ်ရမည်။<br>၃ ဟုဦးဆောင်သူက အော်လျှင် သင်တန်းသားများသည် လက်မြှောက်ကာ ခုန်ရမည်။<br>၄ ဟုဦးဆောင်သူက အော်လျှင် သင်တန်းသားများသည် တစ်ပတ်လှည့်ရမည်။<br>ထိုအမှတ်စဉ်များကို ဦးဆောင်သူမှ ကျပန်းအော်နေရမည် ဖြစ်သည်။ | | |

| | | | | |
|---|---|---|---|---|
| ၁း၄၅-၂း၁၅ | **ဒီမိုကရေစီ**<br>**အသွင်ကူးပြောင်းမှု**<br>**(၃၀ မိနစ်)** | **လေ့ကျင့်ခန်း-၁ (၁၅ မိနစ်)**<br>• **အောက်ပါစာကြောင်းများကို စာကြောင်းတစ်ကြောင်းစီအတွက် စာရွက်ပိုင်းတစ်ပိုင်းစီပြုလုပ်ပါ။ မိတ္တူ၅စုံ ဆွဲပါ။ လိုအပ်သည့် စာရွက်များကို သင်တန်းအကူမှ အသင့်ပြင်ထားပါ။ (၁၅ မိနစ်)**<br><br>• သက်ဦးဆံပိုင်ဘုရင်စနစ်မှ ဒီမိုကရေစီစနစ်သို့လည်းကောင်း၊<br>• ကိုလိုနီလက်အောက်ခံမှ ဒီမိုကရေစီစနစ်သို့လည်းကောင်း၊<br>• တစ်ပါတီအာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့လည်းကောင်း၊<br>• စစ်အစိုးရစနစ်မှ ဒီမိုကရေစီစနစ်သို့လည်းကောင်း၊<br>• ဒီမိုကရေစီစနစ်မှ စစ်အစိုးရစနစ်သို့လည်းကောင်း<br>• တစ်ပါတီအာဏာရှင်စနစ်မှ စစ်အစိုးရစနစ်သို့လည်းကောင်း<br>• သက်ဦးဆံပိုင်ဘုရင်စနစ်မှ ကိုလိုနီလက်အောက်ခံသို့လည်းကောင်း<br><br>• အုပ်စု ၅စု ဖွဲ့ကာ တစ်စုစီကို စာရွက်ပိုင်းများ (တစ်စုံ) စီကို ဝေကာ မည်သည့်စာကြောင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်သည်ကို ရွေးချယ်ခိုင်းပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်ဆိုင်သည့်စာရွက်များကို A4 စာရွက်ပေါ်တွင် ကပ်ပါ။<br>• ဦးဆောင်သူက အုပ်စုတစ်စုချင်းစီမှ ရွေးချယ်ထားသောစာရွက်ပိုင်းများအား အဖြေတိုက်ဆိုင်စစ်ဆေး၍ PP ပြပြီး ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းအကြောင်း ရှင်းပြပါ။ | ၁။ စာရွက်ပိုင်း ၇ ပိုင်း ၅ စုံ<br>၂။ Power point<br>၃။ A4 စာရွက် ၅ရွက် | ဦးဆောင်သူ<br>သင်တန်းအကူ |

<table>
<tr>
<td></td>
<td></td>
<td>လေ့ကျင့်ခန်း-၂ (၁၅ မိနစ်)<br>
• ထို့နောက် flipchart စာရွက်ပေါ်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုပုံစံ ၃ မျိုး ကို ခေါင်းစဉ်များရေးပြီး နံရံတွင်ကပ်ထားပါ။ ထိုကဲ့သို့ flipchart စာရွက် ၅ရွက်လုပ်ထားပါ။ (၁၅ မိနစ်)<br>
• ပြီးနောက် အရောင်မတူသော A4 စာရွက် ၃ရွက်တွင် အောက်ပါအဖြေများကိုရေးကာ မိတ္တူ ၅ခုပြုလုပ်ထားပါ။
<table>
<tr><th>ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း</th><th>အပြန်အလှန်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်း</th><th>အာဏာရှင်အစိုးရကို ဖြုတ်ချခြင်း</th></tr>
<tr>
<td>• အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်<br>• အတိုက်အခံအင်အားစုများသည် အားနည်းနေသေးသည်<br>• အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုကို လိုသလိုထိန်းချုပ်နိုင်သည်</td>
<td>• ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်<br>• အတိုက်အခံအင်အားစုများ အားကောင်းလာသည်<br>• အစိုးရသည် ပြုပြင်ပြောင်းလဲမှုကို လိုသလိုထိန်းချုပ်ရန် မဖြစ်နိုင်တော့ပါ<br>• အပေးအယူလုပ်ညှိနှိုင်းကာ သဘောတူညီချက်များဖြင့် အပြောင်းအလဲကိုအစပျိုးသည်</td>
<td>• ပြုပြင်ပြောင်းလဲရန်လိုအပ်သော်လည်း အာဏာရှင်အစိုးရသည် ပြုပြင်ပြောင်းလဲရန် ငြင်းဆန်သည်<br>• အတိုက်အခံအင်အားစုများ အင်အားကြီးထွားလာသည်<br>• အာဏာရှင်အစိုးရကို ဖယ်ရှားပြီး အသွင်ကူးပြောင်းမှုကို လွတ်လပ်စွာလုပ်ဆောင်သည်</td>
</tr>
</table>
• သင်တန်းသားများအား အုပ်စု ၅စု ခွဲကာ အုပ်စုတစ်စုချင်းစီအား ရောင်စုံ A4 စာရွက်များအား တစ်စုံစီပေး၍ အဖြေမှန်အား နံရံတွင်ကပ်ထားသော မိမိအဖွဲ့ A3 စာရွက်တွင်ကပ်ခိုင်းပါ။ ပြီးလျှင် ဦးဆောင်သူမှ PP ကိုပြပြီး အဖြေတိုက်ပါ။</td>
<td>၁။ flipchart ၅ ရွက်<br>၂။ A4 အပြာ ပုံနှိပ်ထားပြီး ၅ စုံ<br>၃။ A4 အစိမ်း ပုံနှိပ်ထားပြီး ၅ စုံ<br>၄။ A4 အဝါ ပုံနှိပ်ထားပြီး ၅ စုံ<br>၅။ ကော်ဘူး ၅ ဘူး</td>
<td></td>
</tr>
<tr>
<td>၂း၁၅-၂း၄၅</td>
<td>အသွင်ကူး ပြောင်းမှုမူဘောင် (ရှေ့နောက်ဖြစ်စဉ်အဆင့်များ)<br>(၃၀ မိနစ်)</td>
<td>• ဦးဆောင်သူမှ အသွင်ကူးပြောင်းမှု မူဘောင် ၃ ခု ရှိခြင်းနှင့် အမည်များကို မိတ်ဆက်ပါ။<br>
• အသွင်ကူးပြောင်းမှုမူဘောင်များကို A3 စာရွက်များပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ပြီး အခန်းပတ်ပတ်လည်တွင် ကပ်ထားပါ။<br>
• သင်တန်းသားများမှ အချက်လက်များကို လိုက်လံဖတ်ရှုပြီး မည်သည့် မူဘောင်နှင့်ကိုက်ညီသည်ကို အမှတ်ခြစ်ပါ။ အချက်အလက်တစ်ခုသည် မူဘောင်တစ်ခုသာဖြစ်သည်။<br>
• အားလုံးရေးသားပြီးပါက ဦးဆောင်သူမှ အချက်အလက်များနှင့် ပတ်သက်ပြီးမူဘောင်တစ်ခုချင်းစီကို PPသုံး၍ ဆွေးနွေးအဖြေတိုက်ပါ။</td>
<td>၁။ ပုံနှိပ်ပြီးသား A3 စာရွက် ၄ရွက်</td>
<td>ဦးဆောင်သူ သင်တန်းအကူ</td>
</tr>
</table>

| | ပွင့်လင်းလာခြင်း၊ | ကူးပြောင်းခြင်း | ခိုင်မာလာခြင်း |
|---|---|---|---|
| အစိုးရက လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး သိသိသာသာ လိုက်လျောခွင့်ပြုလာသည်။ | | | |
| အာဏာရအစိုးရနှင့် အတိုက်အခံအုပ်စုများအကြား ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်လာကြသည်။ | | | |
| ရှိနေပြီးသောအခြေခံဥပဒေကို အဓိကကျသည့် အပြောင်းအလဲများ အကြီးအကျယ်ထပ်မံပြုလုပ်ရန် မည်သည့်နိုင်ငံရေးပါတီကမှ သိသိသာသာ တောင်းဆိုမှုမပြုလုပ်ကြပါ။ | | | |
| နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးလာသည်။ | | | |

| | ပွင့်လင်းလာခြင်း၊ | ကူးပြောင်းခြင်း | ခိုင်မာလာခြင်း |
|---|---|---|---|
| အစိုးရ၏အာဏာကျင့်သုံးမှုကို ကန့်သတ်နိုင်သည့် ဥပဒေပိုင်းဆိုင်ရာ အပြောင်းအလဲများကို ပြုလုပ်လာကြသည်။ | | | |
| ရွေးကောက်ပွဲရလဒ်များကို အစိုးရနှင့် အတိုက်အခံနိုင်ငံရေးပါတီများက လေးစား လက်ခံကြသည်။ | | | |
| သဘောကွဲလွဲမှုများ၊ ဆန့်ကျင်မှုများအပေါ် သည်းခံနိုင်မှု တိုးလာသည်။ | | | |
| အခြေခံဥပဒေဆိုင်ရာ (သို့မဟုတ်) ဥပဒေပိုင်းဆိုင်ရာ ပြောင်းလဲမှုများ လုပ်ဆောင်လာသည် | | | |

| | ပွင့်လင်းလာခြင်း၊ | ကူးပြောင်းခြင်း | ခိုင်မာလာခြင်း |
|---|---|---|---|
| ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုများကို ကန့်သတ်ထိန်းချုပ်နိုင်သော ဗီတိုအာဏာ ကျင့်သုံးနိုင်သည့် ရွေးကောက်ခံ မဟုတ်သောအုပ်စုများမရှိတော့ပါ။ | | | |
| အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ ရပ်တည်ခွင့်ရရှိလာသည်။ | | | |
| နိုင်ငံသားအားလုံးအတွက် တန်းတူအခွင့်အရေးများကို အာမခံမှု ပေးထားသည့် အခြေခံဥပဒေကိုရေးဆွဲမှုများ၊ အတည်ပြုမှုများ လုပ်ဆောင်ကြသည်။ | | | |
| ပြဋ္ဌာန်းထားသော ဥပဒေမူဘောင်များအရ အာဏာပြောင်းလဲ ရယူမှုများ ရှိလာပါသည်။ | | | |

| | ပွင့်လင်းလာခြင်း၊ | ကူးပြောင်းခြင်း | ခိုင်မာလာခြင်း |
|---|---|---|---|
| နိုင်ငံရေးပါတီများ ထူထောင်ခွင့်ရှိလာပြီး လွှတ်တော်တွင် အတိုက်အခံ ပါတီ ရှိလာသည်။ | | | |
| လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲများ စတင်ကျင်းပလာ သည်။ | | | |
| လွတ်လပ်သည့် သတင်းမီဒီယာများထူထောင် လုပ်ပိုင်ခွင့်ရလာသည်။ | | | |
| ထွက်ပေါ်လာသည့် ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြု လက်ခံကြသည်။ | | | |

| | | | | |
|---|---|---|---|---|
| **၂း၄၅-၃း၀၀** | **ခေတ္တနားချိန်**<br>**(tea break)** | | | |

| | | | | |
|---|---|---|---|---|
| ၃း၀၀-၃း၃၀ | **ဒီမိုကရေစီမရှင်သန်၊ မထွန်းကားရသည့် အကြောင်းအရင်းများ (၃၀ မိနစ်)** | **ဒီမိုကရေစီမရှင်သန်၊ မထွန်းကားရသည့် အကြောင်းအရင်းများ (၃၀ မိနစ်)**<br>● သင်တန်းအကူမှ အောက်ပါ ဒီမိုကရေစီမရှင်သန်၊ မထွန်းကားရသည့် အကြောင်းအရင်းများကို A4 စာရွက်ပေါ်တွင် print ထုတ်၍ မိတ္တူ (သင်တန်းသားအရေအတွက်အတိုင်း) ပြုလုပ်၍ သင်တန်းသားများကို ဝေပါ။<br>၁။ နိုင်ငံသားများထံတွင် ကိုယ်စားလှယ်ကောင်းများနှင့် ခေါင်းဆောင်များကို ရွေးချယ်နိုင်ရန်အတွက် လုံလောက်သော အသိဉာဏ်ပညာမရှိ ခြင်း၊<br>၂။ ရသင့်ရထိုက်သော အခွင့်အရေးများနှင့်ရပိုင်ခွင့်များကို စိတ်ပါဝင်စားမှုမရှိခြင်း၊<br>၃။ ရွေးကောက်ပွဲဖြစ်စဉ်များကို စိတ်ပါဝင်စားမှုနည်းပါးကြခြင်းနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်း၊<br>၄။ နိုင်ငံရေးကိစ္စများကို အလေးထားမှုမရှိခြင်းနှင့် ပါဝင်ဆောင်ရွက်မှုမရှိခြင်း၊<br>၅။ ဒီမိုကရေစီယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများကို ယုံကြည်စွာ ဦးဆောင်ပြီး အကောင်အထည်ဖော်ပေးမည့် ခေါင်းဆောင်ကောင်းများ ရှားပါးခြင်း၊<br>၆။ နိုင်ငံရေးကိစ္စများတွင် စစ်တပ်က အလွန်အမင်း ဝင်ရောက်ပတ်သက်နေခြင်း၊<br>၇။ အယူဝါဒစွဲ၊ ဒေသစွဲနှင့်လူမျိုးစွဲစိတ် ကြီးမားခြင်း၊<br>၈။ ဘာသာရေး၊ လူမျိုးရေးနှင့် ပတ်သက်ပြီး သည်းခံနိုင်စွမ်း နည်းပါးခြင်း၊<br>၉။ နိုင်ငံရေးအယူအဆ အကွဲအပြဲကြီးမားခြင်း၊<br>၁၀။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း။<br>၁၁။ လူ့အခွင့်အရေးလေးစားတန်ဖိုးထားမှုမရှိခြင်း။<br>● သင်တန်းသားများ စဉ်းစားမိသော အခြားကြောင်းအရင်းများကို brainstorming လုပ်၍ စဉ်းစားခိုင်းပါ။<br>● သင်တန်းအကူမှ A4 စာရွက်ပေါ်တွင် စက်ဝိုင်း ပြုလုပ်ထားပြီး ထို စက်ဝိုင်းကို ၈စိတ်ခွဲပါ။ မျဉ်းကြောင်းများပေါ်တွင် ၁ မှ ၁၀ ထိ အညီအမျှသတ်မှတ်ပါ။ မိတ္တူ (သင်တန်းသားအရေအတွက်အတိုင်း) ပြုလုပ်ပါ။ သင်တန်းသားတစ်ဦးလျှင် မိတ္တူတစ်စုံစီ ပေးပါ။<br>● သင်တန်းသားများအနေဖြင့် ဒီမိုကရေစီမရှင်သန်၊ မထွန်းကားရသည့် အကြောင်းအရင်းများထဲမှ ၎င်းတို့ဒေသ၌ ပြဿနာအရှိနိုင်ဆုံး ၈ချက်ကို ရွေးချယ်ခိုင်းပါ။<br>● ထို ၈ချက်ကို စက်ဝိုင်းအပြင်ဘက် မျဉ်းကြောင်းထိပ်များတွင် ရေးပါ။<br>● ထို့နောက် သင်တန်းသားများကို ၎င်းတို့၏ ဒေသအခြေအနေနှင့် နှိုင်းယှဉ်ကာ ၁ မှ ၁၀ ထိ အဆင့်သတ်မှတ်ခိုင်းပြီး spider web | ၁။ ပုံနှိပ်ထားသော A4 စာရွက် (သင်တန်းသားအရေအတွက်အတိုင်း)<br>၂။ ၈ စိတ်ပိုင်းထားသော စက်ဝိုင်းပါ A4 စာရွက် (သင်တန်းသားအရေအတွက်အတိုင်း) | ဦးဆောင်သူ<br>သင်တန်းအကူ |

| | | | | |
|---|---|---|---|---|
| | | ပုံစံဆွဲခိုင်းပါ။ ဆွဲပြီးလျှင် တစ်ယောက်ချင်းစီ၏ ပုံများကို ပြခိုင်းပါ။<br>**(၁) သည် ပြဿနာအနည်းဆုံးဖြစ်၍ (၁၀) သည် ပြဿနာအရှိဆုံးဖြစ်သည်။**<br>● Spider web သည် စက်ဝိုင်းနှင့် တစ်ပြေးတည်းနီးပါးကျနေလျှင် ထိုဒေသ၌ ဒီမိုကရေစီမရှင်သန်၊ မထွန်းကားနိုင်ချေပို့များကြောင်းတွေ့ရပါမည်။ | | |
| ၃း၃၀-၄း၂၀ | **နိုင်ငံတော်နှင့် ၎င်း၏လက္ခဏာရပ်များ (၅၀ မိနစ်)** | <u>**နိုင်ငံတော်နှင့် ၎င်း၏လက္ခဏာရပ်များကို မသင်မီ (၃၀ မိနစ်)**</u><br>● အဖွဲ့ ၅ဖွဲ့ခွဲပါ။ သင်တန်းအကူမှ အဖွဲ့တစ်ဖွဲ့ချင်းစီကို flipchart နှစ်စုံစီဝေပါ။<br>● နိုင်ငံတော် တစ်ခုဖြစ်ရန်အတွက် လိုအပ်သော အခြေခံအချက်များကို စာရင်းပြုစုပါ။ ဘာကြောင့်လိုအပ်သည်ဟု ထင်ကြောင်းကို ဆွေးနွေးခိုင်းပါ။ ထို့အပြင် နိုင်ငံတော်၏ လုပ်ငန်းတာဝန်များကိုလည်း ဆွေးနွေးခိုင်းပါ။<br>● ထို့နောက် တစ်ဖွဲ့တစ်ယောက်ချင်းစီ ပြန်လည်တင်ပြခိုင်းပါ။ သင်တန်းအကူမှ Flipchart များကို ယူကာ နံရံတွင်ကပ်ထားပါ။<br><u>**အောက်ပါ နိုင်ငံတော်နှင့် ၎င်း၏လက္ခဏာရပ်များ၊ နိုင်ငံတော်၏ လုပ်ငန်းတာဝန်များ နှင့် နိုင်ငံတော်နှင့် အစိုးရတို့ကို PP သုံး၍ ရှင်းပြပါ။ (၂၀ မိနစ်)**</u><br>● လူဦးရေ<br>● နယ်နိမိတ်<br>● အစိုးရ<br>● အချုပ်အခြာအာဏာ<br>❖ **နိုင်ငံတော်၏လုပ်ငန်းတာဝန်များ**<br>❖ **နိုင်ငံတော်နှင့် အစိုးရ** | ၁။ Filpchart ၁၀ ရွက်<br>၂။ တိပ်<br>၃။ power point | ဦးဆောင်သူ<br>သင်တန်းအကူ |
| ၄း၂၀-၄း၃၅ | **နားလည်မှုအကဲဖြတ်ခြင်း (၁၅ မိနစ်)** | ● သင်တန်းအကူမှ Flip Chart ပေါ်တွင် မျဉ်း ၃ ပိုင်း ပိုင်းပြီး အပြုံးမျက်နှာ၊ အတည်မျက်နှာ နှင့် အမဲ့မျက်နှာများရေဆွဲထားပါ။<br>● သင်တန်းသား တစ်ဦးစီကို Sticker တစ်ခုစီပေးဝေပြီး၊ ယနေ့သင်ကြားမှုနှင့်ပတ်သက်၍ ၎င်းတို့ခံစားချက်ကို သက်ဆိုင်ရာ မျက်နှာများ၏ အောက်တွင်ကပ်ခိုင်းပါ။<br>အပြုံးမျက်နှာသည် အားလုံးအဆင်ပြေသည်ကို ညွှန်းဆိုသည်။<br>အတည်မျက်နှာသည် ရှုပ်ထွေးမှုများရှိနေသေးသည်ကို ညွှန်းဆိုသည်။<br>အမဲ့မျက်နှာမှာမူ သင်ကြားမှုနှင့် ပတ်သက်၍ အဆင်မပြေမှုကို ညွှန်းဆိုသည်။ | ၁။ မျက်နှာများပါသော Flip Chart<br>၂။ စတစ်ကာ | သင်တန်းအကူ |

ဒုတိယနေ့

| အချိန် | အကြောင်းအရာ | လုပ်ငန်းစဉ် | လိုအပ်သည့်ပစ္စည်းများ | တာဝန်ခံ |
|---|---|---|---|---|
| **၉း၃၀-၉း၄၅** | **Icebreaking Activity**<br>**(၁၅ မိနစ်)** | **<u>Icebreaking Activity (သင်ခန်းစာနှင့် စပ်လျဉ်းသော activity) (၁၅ မိနစ်)</u>**<br>● အဖွဲ့ ၂ဖွဲ့ခွဲ၍ တန်းစီထားပါ။<br>● သင်တန်းအကူသည် Flipchart ၂ခုအား စားပွဲတစ်ခုပေါ်တွင် ယှဉ်လျက်ထားထားပါ။ Marker ၂ခုလည်း ထားထားပါ။<br>● သင်တန်းသားများကို flip chart အသုံးပြုကာ ပထမနေ့က သင်ခန်းစာများကို တစ်ယောက်တစ်ချက်စီ အမြန်ရေးခိုင်းပါ။ အမြန်ဆုံးနှင့် အမှန်ဆုံးပြီးသော အဖွဲ့ကနိုင်သည်။ | ၁။ Flip Chart ၂ ရွက်<br>၂။ permanent markers ၂ ခု | သင်တန်းအကူ |
| **၉း၄၅-၁၀း၀၀** | **လွှတ်တော်များ**<br>**(၁၅ မိနစ်)** | လွှတ်တော်အကြောင်း (၁၅ မိနစ်)<br>● ထို့နောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် အကြောင်း PP ပြ၍သင်ပါ။ | ၁။ powerpoint | ဦးဆောင်သူ |
| **၁၀း၀၀-၁၀း၃၀** | **နိုင်ငံသား အဓိပ္ပာယ်**<br>**(၃၀ မိနစ်)** | ● နိုင်ငံသားအဓိပ္ပာယ်ကို PP ပြ၍သင်ပါ။ (၁၅ မိနစ်)<br>● ဥပဒေအရနိုင်ငံသားကို PP ပြ၍ သင်ပါ။<br>● ကျင့်ဝတ်အရနိုင်ငံသားကို PP ပြ၍ သင်ပါ။ ထို့နောက် ကျင့်ဝတ်အရနိုင်ငံသား ၃မျိုးထဲမှ မည်သည့်နိုင်ငံသားဖြစ်ချင်လဲ မေးမြန်းပါ။ (၁၅ မိနစ်) | ၁။ powerpoint | ဦးဆောင်သူ |
| **၁၀း၃၀-၁၁း၁၅** | **တာဝန်ဝတ္တရားများ**<br>**(၄၅ မိနစ်)** | ● ဝတ္တရားနှင့် တာဝန်တို့ ၏ သဘောသဘာဝ ကိုသင်ပါ။<br>● တာဝန်ဝတ္တရား ၃မျိုးကို သင်ကြားပါ။ တစ်မျိုးစီကိုသင်ကြားတိုင်း ဥပမာများကို မေးမြန်းပါ။<br>● နိုင်ငံသားအခွင့်အရေးကိုလည်း PP ပြ၍ဆက်လက်ဆွေးနွေးပါ။ | ၁။ powerpoint | ဦးဆောင်သူ |
| **၁၁း၁၅-၁၁း၃၀** | **ခေတ္တနားချိန်**<br>**(tea break)** | | | |

<table>
<tr>
<td>၁၁း၃၀-၁၂း၀၀</td>
<td>တာဝန်ဝတ္တရားများ<br>လေ့ကျင့်ခန်း<br>(၃၀ မိနစ်)</td>
<td>
<u>တာဝန် နှင့် ဝတ္တရားလေ့ကျင့်ခန်း (၃၀ မိနစ်)</u>
<ul>
<li>အောက်ပါအချက်များကို A4 စာရွက်တွင် ပုံနှိပ်ပြီး ဦးဆောင်သူက ကိုင်ဆောင်ထားပါ။</li>
<li>“တာဝန်”၊ “ဝတ္တရား” နှင့် “အခွင့်အရေး” ခေါင်းစဉ်များတပ်ထားသော A3 စာရွက်များကို သင်တန်းခန်းမထဲတွင် မတူညီသော နေရာများတွင် ကပ်ထားပါ။ သင်တန်းသားများအား အခန်းအလယ်တွင် ရပ်နေခိုင်းပါ။</li>
<li>ဦးဆောင်သူက သင်တန်းသားများကို ညွှန်ကြားချက်ပေးပါ။ “အခုဖတ်ပြမယ့်အချက်တွေထဲမှာ တာဝန်လို့ထင်လျှင် “တာဝန်” အခန်းထောင့်သို့သွား၍ ဝတ္တရားလို့ထင်လျှင် “ဝတ္တရား” အခန်းထောင့်သို့သွားပါ။ နိုင်ငံသားအခွင့်အရေးလို့ထင်လျှင် “အခွင့်အရေး” အခန်းထောင့်သို့သွားပါ”</li>
<li>တစ်ချက်ပြီးတိုင်း အဖြေတိုက်ပါ။ အဖြေမှန်ကိုမပြောသေးမီတွင် မှားယွင်းစွာနေရာယူထားသည့်သူများထဲမှ တစ်ယောက်ကို ဘာကြောင့်ထိုနေရာကို ရွေးချယ်ကြောင်းမေးမြန်းပါ။ တစ်ချက်ပြီးတိုင်း သင်တန်းသားများကို အခန်းအလယ်တွင် ပြန်စုခိုင်းပါ။</li>
</ul>
<table>
<tr><th></th><th>တာဝန်</th><th>ဝတ္တရား</th><th>အခွင့်အရေး</th></tr>
<tr><td>မိမိယုံကြည်သော အတွေးအမြင်များကို အများသိအောင် မျှဝေပေးခြင်း</td><td></td><td></td><td>✓</td></tr>
<tr><td>ပုံမှန်ကျောင်းစာလုပ်မှု</td><td></td><td>✓</td><td></td></tr>
<tr><td>မီတာခပေးဆောင်ခြင်း</td><td>✓</td><td></td><td></td></tr>
<tr><td>နိုင်ငံရေးပါတီတစ်ခုတွင် ပါတီဝင်အဖြစ်ပါဝင်ခြင်း</td><td></td><td></td><td>✓</td></tr>
<tr><td>ရေကောင်းရေသန့်ရရှိမှု</td><td></td><td></td><td>✓</td></tr>
<tr><td>မိမိ၏အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်လုပ်ဆောင်ထားခြင်း</td><td></td><td>✓</td><td></td></tr>
<tr><td>ရွေးကောက်ပွဲတွင်မဲပေးခြင်း</td><td>✓</td><td></td><td>✓</td></tr>
<tr><td>အခွန်အခများကို ပေးဆောင်ခြင်း</td><td>✓</td><td></td><td></td></tr>
<tr><td>ဗဟုသုတကြွယ်ဝအောင်လေ့လာမှု (ရိုးရာဓလေ့၊ နိုင်ငံသမိုင်း)</td><td></td><td>✓</td><td>✓</td></tr>
<tr><td>သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း</td><td>✓</td><td>✓</td><td></td></tr>
<tr><td>ကျောင်းမှန်မှန်တက်ခြင်း</td><td></td><td>✓</td><td></td></tr>
<tr><td>မီးနီလျှင် ကားရပ်ပေးခြင်း</td><td>✓</td><td></td><td></td></tr>
<tr><td>လုံခြုံမှုရှိသောအရပ်ဒေသတွင် နေထိုင်ခြင်း</td><td></td><td></td><td>✓</td></tr>
<tr><td>သင့်တော်သည့်အတတ်ပညာများကို သင်ကြားတတ်မြောက်မှု</td><td></td><td></td><td>✓</td></tr>
<tr><td>ဆန္ဒပြ၊ ကန့်ကွက်၊ သပိတ်မှောက်ခြင်း</td><td></td><td></td><td>✓</td></tr>
<tr><td>သားသမီးများကို ပြုစုစောင့်ရှောက်ခြင်း</td><td></td><td>✓</td><td></td></tr>
<tr><td>တရားရုံးများတွင် တန်းတူညီမျှရှိမှု</td><td></td><td></td><td>✓</td></tr>
<tr><td>စေတနာ့ဝန်ထမ်း၊ ပရဟိတအလုပ်တွေမှာ ပါဝင်ဆောင်ရွက်လုပ်အားပေးခြင်း</td><td></td><td>✓</td><td></td></tr>
</table>
</td>
<td>၁။ တာဝန်၊ ဝတ္တရားနှင့် အခွင့်အရေး အချက်များပုံနှိပ်ထားသော A4 စာရွက် ၁ ရွက်</td>
<td>သင်တန်းအကူ</td>
</tr>
</table>

<table>
<tr>
<td></td>
<td></td>
<td>
<table>
<tr><td>ရိုးရာယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း</td><td>✓</td><td></td><td></td></tr>
<tr><td>ရွေးကောက်ပွဲတွင် ဝင်ရောက်ပြီး အရွေးချယ်ခံခြင်း</td><td></td><td></td><td>✓</td></tr>
<tr><td>လူ့အခွင့်အရေးချိုးဖောက်မှုများအား သက်ဆိုင်ရာသို့သတင်းပေးတိုင်ကြားမှု</td><td>✓</td><td></td><td></td></tr>
<tr><td>သတင်းအချက်အလက်များကို သိရှိနိုင်မှု</td><td></td><td></td><td>✓</td></tr>
<tr><td>တရားဥပဒေများကို သိရှိလေးစားလိုက်နာမှု</td><td>✓</td><td></td><td></td></tr>
<tr><td>နာမကျန်းမှုကို ဆေးဝါးကုသခံယူမှု</td><td></td><td></td><td>✓</td></tr>
<tr><td>အခြားသူများကို တန်းတူညီမျှဆက်ဆံခြင်း</td><td></td><td>✓</td><td></td></tr>
<tr><td>ထိုက်တန်သောလုပ်အားခရရှိမှု</td><td></td><td></td><td>✓</td></tr>
<tr><td>နေအိမ်လုပ်ငန်းများကို ပိုင်ဆိုင်မှု</td><td></td><td></td><td>✓</td></tr>
<tr><td>ကွဲပြားခြားနားသော အတွေးအမြင်များကို သည်းခံစိတ်မွေးမြူမှု</td><td></td><td>✓</td><td></td></tr>
<tr><td>စီးပွားရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ဆောင်ရွက်မှု</td><td></td><td></td><td>✓</td></tr>
</table>
</td>
<td></td>
<td></td>
</tr>
<tr>
<td>၁၂း၀၀-၁၂း၃၀</td>
<td><u>အခွင့်အရေးနှင့်တာဝန် လေ့ကျင့်ခန်း (၃၀ မိနစ်)</u></td>
<td>
<u>အခွင့်အရေးနှင့် တာဝန် လေ့ကျင့်ခန်း (၃၀ မိနစ်)</u>
<ul>
<li>အောက်ပါဇယားကို A3 တွင် ပုံနှိပ်ပြီး မိတ္တူ ၄ စုံကူးပါ။</li>
<li>အုပ်စု ၄ စုခွဲ၍ ဆွေးနွေးခိုင်းပြီး အဖြေများကို ရေးသားပါ။</li>
<li>ထို့နောက် တစ်အုပ်စုလျှင် အခွင့်အရေးတစ်ခုစီအတွက် Presentation လုပ်ခိုင်းပြီး ကျန်အဖွဲ့များအား ဖြည့်စွက်ဆွေးနွေးခိုင်းပါ။ အချက် ၆ ချက်ဖြစ်သည့်အတွက် ၂ ဖွဲ့က ခေါင်းစဉ် ၂ခုစာ presentation လုပ်ရမည်။ ဦးဆောင်သူမှလည်း လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပါ။</li>
</ul>
<table>
<tr><th>အခွင့်အရေး</th><th>တာဝန်</th></tr>
<tr><td>မဲပေးခြင်း</td><td></td></tr>
<tr><td>ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်</td><td></td></tr>
<tr><td>ဆန္ဒပြ၊ ကန့်ကွက်၊ သပိတ်မှောက်ခွင့်</td><td></td></tr>
<tr><td>တရားရုံးများတွင် တန်းတူညီမျှရှိမှု</td><td></td></tr>
</table>
</td>
<td>၁။ ပုံနှိပ်ထားသော A3 စာရွက် ၄ စုံ</td>
<td>သင်တန်းအကူ</td>
</tr>
</table>

<table>
<tr><td></td><td></td><td><table><tr><td>လွတ်လပ်စွာပြောဆိုခွင့်</td><td></td></tr><tr><td>သတင်းမီဒီယာလွတ်လပ်ခွင့်</td><td></td></tr></table></td><td></td><td></td></tr>
<tr><td>၁၂း၃၀-၁း၃၀</td><td>နေ့လည်စာ</td><td></td><td></td><td></td></tr>
<tr><td>၁း၃၀-၂း၁၅</td><td>ပါဝင်ဆောင်ရွက်ခြင်း<br>(၄၅ မိနစ်)</td><td><u>Brainingstorming (၁၅ မိနစ်)</u><br>• သင်တန်းသားများအား ၎င်းတို့ဒေသတွင်တွေ့ရလေ့ရှိသော အများပြည်သူဆိုင်ရာကိစ္စများ (လူမှုရေးဆိုင်ရာကိစ္စများ) တွင်ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာကိစ္စများကို မေးမြန်းပါ။<br>• သင်တန်းအကူမှ ပြောကြားချက်များကို Flip Chart တွင်ရေးပါ။<br>• ထို့နောက် ၎င်းတို့ဒေသတွင်တွေ့ရလေ့ရှိသော နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများကိုလည်း မေးမြန်းပါ။ သင်တန်းအကူမှ ပြောကြားချက်များကို Flipchart နောက်တစ်ရွက်တွင်ရေးပါ။<br><u>ဆွေးနွေးမှု (၁၅ မိနစ်)</u><br>• အများပြည်သူဆိုင်ရာကိစ္စများတွင်ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ပုံနှင့် အကျိုးကျေးဇူးများ ကို PP ဖြင့်ဆွေးနွေးပါ။</td><td>၁။ flip chart ၂ ရွက်<br>၂။ powerpoint<br>၃။ permanent markers</td><td>ဦးဆောင်သူ<br>သင်တန်းအကူ</td></tr>
<tr><td>၂း၁၅- ၃း၀၀</td><td>ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ<br>(၄၅ မိနစ်)</td><td>• A3 စာရွက်ပေါ်တွင် အောက်ပါစာကြောင်း ၃ ကြောင်းစီကို ပုံနှိပ်ထားပါ။ စုစုပေါင်း A3 စာရွက် ၃ ရွက်ထိပြုလုပ်ထားပါ။<br>• A3 စာရွက်များကို နံရံတွင်ကပ်ပါ။<br>• သင်တန်းသားတစ်ယောက်ချင်းစီမှ စာကြောင်းများကို လိုက်လံဖတ်ကာ မှန်သည်ဟု ထင်သည့်စာကြောင်းတွင် (မှန်)အတိုင်၌ တာလီမှတ်ပါ မှားသည်ဟု ထင်သည့် စာကြောင်းတွင် (မှား)အတိုင်၌ တာလီမှတ်ပါ။<br><table><tr><td>တာလီပုံစံနမူနာ 卌</td><td>မှန်</td><td>မှား</td></tr><tr><td>ရွေးကောက်ပွဲများမှ တစ်ဆင့်နိုင်ငံသားများသည် ၎င်းတို့ မကြိုက်နှစ်သက်သော နိုင်ငံရေးခေါင်းဆောင်များကို ဖယ်ရှားပစ်နိုင်သည်။</td><td></td><td></td></tr></table></td><td>၁။ ပုံနှိပ်ထားသော A3 စာရွက် ၃ ရွက်<br>၂။ power point</td><td>ဦးဆောင်သူ<br>သင်တန်းအကူ</td></tr>
</table>

| | | |
|---|---|---|
| ရွေးကောက်ပွဲများမကျင်းပနိုင်သော်လည်း ဒီမိုကရေစီစနစ်ကို ဆက်လက်ကျင့်သုံးနိုင်သည်၊ | | |
| ရွေးကောက်ပွဲများကျင်းပခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပေါ်နိုင်ပါ။ | | |

| တာလီပုံစံနမူနာ  | မှန် | မှား |
|---|---|---|
| ရွေးကောက်ပွဲများကြောင့်နိုင်ငံသားများ နိုင်ငံရေးတွင်ပါဝင်ခွင့်ရကြသည်။ | | |
| ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ်တွင်မရှိမဖြစ်လိုအပ်သည်။ | | |
| ရွေးကောက်ပွဲများကြောင့် ဆင်းရဲမှုများ ပပျောက်သွားနိုင်သည်။ | | |

| တာလီပုံစံနမူနာ  | မှန် | မှား |
|---|---|---|
| ရွေးကောက်ပွဲများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက်မရှိမဖြစ်လိုအပ်သည်။ | | |
| ရွေးကောက်ပွဲတွင် မဲပေးခြင်းသည် နိုင်ငံသားများ၏တာဝန်ဖြစ်သည်။ | | |
| ရွေးကောက်ပွဲများမှတစ်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အစိုးရကိုရွေးချယ်တင်မြှောက်နိုင်သည်။ | | |

- အဖြေမှန်များကို ပြောပြပြီး "ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်၏ အစပြုအမှတ်သည် ရွေးကောက်ပွဲဖြစ်ပြီး ပန်းတိုင်သည် ခိုင်မာသော ဒီမိုကရေစီ စနစ်ပင်ဖြစ်သည်" ကို PPသုံး၍ ရှင်းပြပါ။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ၂၀၀၈ အခြေခံဥပဒေတွင် ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာနိုင်ငံသားများ၏ အခွင့်အရေးကို PP သုံး၍ဆက်လက်ရှင်းပြပါ။

<table>
<tr><td>၃း၀၀ - ၃း၁၅</td><td>ခေတ္တနားချိန်<br>(tea break)</td><td></td><td></td><td></td></tr>
<tr><td>၃း၁၅ - ၄း၁၅</td><td>မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအမျိုးအစားများနှင့်သဘောသဘာဝ၊ ဒီမိုကရေစီကျသော ရွေးကောက်ပွဲများနှင့် လွတ်လပ်သန့်ရှင်း တရားမျှတမှုရှိသော ရွေးကောက်ပွဲများ၏ စံနှုန်းများ<br><br>(၆၀ မိနစ်)</td><td>မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအမျိုးအစားများနှင့်သဘောသဘာဝ ကို pp ဖြင့်ရှင်းပြပါ။ (၁၀ မိနစ်)<br>လွတ်လပ်သန့်ရှင်း တရားမျှတမှုရှိသော (သမာသမတ်ကျသော) ရွေးကောက်ပွဲများ၏ စံနှုန်း ၄ ခုကိုရှင်းပြပါ။<br>ထို့နောက်လေ့ကျင့်ခန်းလုပ်ပါ။ (၂၀ မိနစ်)<br><ul><li>အုပ်စု ၄စုခွဲပါ။ အောက်ပါမေးခွန်းများကို မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအခြေအနေနှင့် နှိုင်းယှဉ်၍ ဖြေဆိုခိုင်းပါ။</li><li>အဖွဲ့ (၁) အား “နိုင်ငံသားတိုင်းပါဝင်မှု” နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်းပါဝင်မှုအတွက် မည်သည့်အခြေခံအချက်များ လိုအပ်သည်ကို ဆွေးနွေးခိုင်းပါ။</li><li>အဖွဲ့ (၂) အား “ပွင့်လင်းမြင်သာမှု” နှင့် ပတ်သက်၍ မည်သည့်အခြေခံအချက်များလိုအပ်သည်ကို ဆွေးနွေးခိုင်းပါ။</li><li>အဖွဲ့ (၃) အား “တာဝန်ယူမှု၊ တာဝန်ခံမှု” နှင့် ပတ်သက်၍ မည်သည့်အခြေခံအချက်များလိုအပ်သည်ကို ဆွေးနွေးခိုင်းပါ။</li><li>အဖွဲ့ (၄) အား “ယုံကြည်မှု” နှင့် ပက်သက်၍ မည်သည့်အခြေခံအချက်များလိုအပ်သည်ကို ဆွေးနွေးခိုင်းပါ။</li><li>ထို့နောက် PP အုပ်စုတစ်ခုစီအလိုက်ပြန်လည်တင်ပြခိုင်း၍ လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးနိုင်သည်။</li></ul>
<table>
<tr><th>ပါဝင်မှု</th><th>ပွင့်လင်းမြင်သာမှု</th><th>တာဝန်ယူမှု</th><th>ယုံကြည်မှု</th></tr>
<tr><td><ul><li>အရွယ်ရောက်သူတိုင်း လူတိုင်းမဲပေးခွင့်ရှိခြင်း</li><li>လွတ်လပ်စွာမဲပေးနိုင်ခွင့်ရှိခြင်း</li><li>မဲစာရင်းမှန်ကန်မှုရှိခြင်း (မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း)</li><li>မဲရုံတည်နေရာ အကွာအဝေးများ အဆင်ပြေမှု</li><li>သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအတွက် အဆင်ပြေသည့်</li></ul></td><td><ul><li>ရွေးကောက်ပွဲနေ့ကြိုတင်ကြေညာခြင်း</li><li>ရွေးကောက်ပွဲပြက္ခဒိန်ကို အပြည့်အစုံကြေညာပေးခြင်း</li><li>ကိုယ်စားလှယ်လောင်း၏ အချက်အလက်များကို အလွယ်တကူရယူနိုင်ခြင်း</li><li>Open Data အချက်အလက်များ ရှိခြင်း</li><li>နိုင်ငံသားများ၏စောင့်ကြည့်လေ့လာခွင့်ကို ဥပဒေအရ</li></ul></td><td><ul><li>ကော်မရှင်နှင့် ကော်မရှင်ခွဲ အဆင့်ဆင့်သည် ဥပဒေ လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင် ရွက်ခြင်း</li><li>ချိုးဖောက်မှုများရှိပါက ထိရောက်စွာအရေးယူခြင်း</li><li>အဂတိလိုက်စားမှုများမရှိခြင်း</li><li>အမှားအယွင်းများရှိပါက အချိန်မီပြင်ဆင်ပေးနိုင်ခြင်း</li><li>နိုင်ငံသားများ၏မဲပေးခွင့်ကို အာမခံနိုင်ခြင်း</li></ul></td><td><ul><li>လွတ်လပ်ပြီးဘက်မလိုက်သည့် ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းထားမှု</li><li>ရွေးကောက်ပွဲဥပဒေမူဘောင်များအပေါ် ယှဉ်ပြိုင်သူများကြား လက်ခံနိုင်မှု</li><li>ရွေးကောက်ပွဲဖြစ်စဉ်နှင့် ရလဒ်များအပေါ် ပြည်သူလူထု ၏ ယုံကြည်မှု</li></ul></td></tr>
</table></td><td>၁။ power point<br>၂။ flipchart ၄ရွက်<br>၃။ permanent markers</td><td>ဦးဆောင်သူ<br>သင်တန်းအကူ</td></tr>
</table>

<table>
<tr>
<td></td>
<td></td>
<td>
<table>
<tr>
<td>မဲရုံအခင်းအကျင်း<br>• ကြိုတင်မဲပေးနိုင်သည့်စနစ် ကောင်းမွန်လွယ်ကူခြင်း<br>• တိုင်းရင်းသားဘာသာစကား များ အသုံးပြုခြင်း<br>________________<br>• နိုင်ငံသားတိုင်းရွေးချယ်ခံပိုင်ခွင့်ရှိခြင်း<br>• လွတ်လပ်စွာစည်းရုံးဟောပြောခွင့်၊ စည်းဝေးခွင့်နှင့် ဝါဒဖြန့်ခြင်း များ ဆောင်ရွက်နိုင်ခြင်း<br>• အစိုးရ၏ လုပ်ဆောင်ချက်များ၊ မူဝါဒများအပေါ် လွတ်လွတ်လပ်လပ် ဝေဖန်နိုင်ခြင်း</td>
<td>အာမခံ ခြင်း<br>• ပြည်သူ့နီတိသင်တန်းများ၊ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ၊ မဲစာရင်းဆန်းစစ်လေ့လာမှု အပါအဝင် ရွေးကောက်ပွဲနှင့် ပတ်သက်သည့်သုတေသနများ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ခြင်း<br>• ရွေးကောက်ပွဲအသုံးစရိတ်များ ပွင့်လင်းမြင်သာမှုရှိခြင်း</td>
<td>• ဘက်မလိုက်ခြင်းနှင့် တန်းတူ ဆက်ဆံခြင်း<br>• ရွေးကောက်ပွဲများ အချိန်မှန် ကျင်းပပေးခြင်း<br>• ရွေးကောက်ပွဲအငြင်းပွားမှုများ ကို ထိထိရောက်ရောက် ဖြေရှင်း ပေးခြင်း</td>
<td>• ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုများတွင် အကျိုးဝင်သူများ အားလုံး ပါဝင်နိုင်ခြင်း<br>• ရွေးကောက်ပွဲအငြင်းပွားမှု များကို လွတ်လပ်၍ ဘက်မလိုက်ဘဲ စီရင်ဆုံးဖြတ်နိုင်ခြင်း</td>
</tr>
</table>
</td>
<td></td>
<td></td>
</tr>
<tr>
<td>၄း၁၅-၄း၃၀</td>
<td>နားလည်မှုအကဲဖြတ်ခြင်း (၁၅ မိနစ်)</td>
<td>• သင်တန်းအကူမှ Flipchart ပေါ်တွင် မျဉ်း ၃ ပိုင်း ပိုင်းပြီး အပြုံးမျက်နှာ၊ အတည်မျက်နှာ နှင့် အမဲ့မျက်နှာများရေးဆွဲထားပါ။<br>• သင်တန်းသား တစ်ဦးစီကို Sticker တစ်ခုစီပေးဝေပြီး၊ ယနေ့သင်ကြားမှုနှင့်ပတ်သက်၍ ၎င်းတို့ခံစားချက်ကို သက်ဆိုင်ရာ မျက်နှာများ၏ အောက်တွင်ကပ်ခိုင်းပါ။<br>အပြုံးမျက်နှာ သည်အားလုံးအဆင်ပြေသည်ကို ညွှန်းဆိုသည်။<br>အတည်မျက်နှာ သည် ရှုပ်ထွေးမှုများရှိနေသေးသည်ကို ညွှန်းဆိုသည်။<br>အမဲ့မျက်နှာမှာမူ သင်ကြားမှုနှင့် ပတ်သက်၍ အဆင်မပြေမှုကို ညွှန်းဆိုသည်။</td>
<td>၁။ မျက်နှာများပါသော Flip Chart<br>၂။ စတစ်ကာ</td>
<td>သင်တန်းအကူ</td>
</tr>
</table>

**တတိယနေ့**

| **အချိန်** | **အကြောင်းအရာ** | **လုပ်ငန်းစဉ်** | **လိုအပ်သည့်ပစ္စည်းများ** | **ဦးဆောင်သူ** |
|---|---|---|---|---|
| ၉း၃၀-၉း၄၅ | **Icebreaking Activity**<br><br>**(၁၅ မိနစ်)** | • သင်တန်းသားများကို circle ပုံစံဝိုင်းခိုင်းထားပါ။ တစ်ယောက်ပုခုံးပေါ် တစ်ယောက်လက်နှစ်ဖက်လုံး တင်ခိုင်းထားပါ။<br>• ဦးဆောင်သူမှ instruction ပေးပါ။<br>• ပန်းသီးဟု ဦးဆောင်သူမှအော်လျှင် ခုန်၍ရှေ့တစ်လှမ်းတိုးခိုင်းပါ။<br>• လိမ္မော်သီးဟု ဦးဆောင်သူမှအော်လျှင် ခုန်၍နောက်တစ်လှမ်းဆုတ်ပါ။<br>ငှက်ပျောသီးဟု ဦးဆောင်သူမှအော်လျှင် သင်တန်းသားများကို directionလှည့်ခိုင်းပါ။ | | သင်တန်းအကူ |
| ၉း၄၅ -<br>၁၀း၃၀ | **ရွေးကောက်ပွဲဖြစ်စဉ်များတွင်မဲဆန္ဒရှင်တစ်ယောက်၏ လုပ်ဆောင်နိုင်မှုများ**<br><br>**(၄၅ မိနစ်)** | အောက်ပါဇယားသည် မဲဆန္ဒရှင်တစ်ဦး အနေဖြင့် မဲပေးခြင်းအပြင် လုပ်ဆောင်နိုင်မှုအချို့ဖြစ်ပါသည်။<br>• ၎င်းစာရွက်ကို A4 တွင်ပုံနှိပ်၍ သင်တန်းသားအားလုံးအားဝေမျှပြီး နှစ်ယောက်တစ်တွဲဖြင့် မေးခွန်းများမေးခိုင်းပါ။<br>• နှစ်ယောက်တွဲရာတွင် sticky notes များအားမဲနှိုက်ခိုင်းပါ။ ထို sticky notes များတွင် သင်တန်းအကူမှ ကြိုတင်၍ စကားဝှက်များကို ရေးသားထားပါ။ စကားဝှက်နမူနာ - "ကျောက်ပျဉ်" နှင့် "သနပ်ခါးတုံး" ။<br>• သင်တန်းသားများသည် sticky notes များ၌ ရေးသားထားသော စကားဝှက်များအရ တူညီသော စကားဝှက်ပိုင်ရှင်အား ရှာဖွေပြီး မေးမြန်းပါ။ (ဥပမာ- "ကျောက်ပျဉ်" ဟုရေးသားထားသော Sticky note ကို မဲနှိုက်မိသောသူသည် သူ၏အတွဲ "သနပ်ခါးတုံးကို လိုက်ရှာရမည်)<br>• လေ့ကျင့်ခန်းပြီးလျှင် တစ်ဝိုင်းလျှင်တစ်ယောက်စီ ထူးခြားတွေ့ရှိချက်များအား မျှဝေခိုင်းပါ။<br><br>**ရွေးကောက်ပွဲဖြစ်စဉ်များတွင် မဲဆန္ဒရှင်တစ်ယောက်၏ လုပ်ဆောင်နိုင်မှုများ**<br>၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခဲ့ဖူးပါသလား။ \| **ပေးခဲ့သည် (၁)** \| **မပေးခဲ့ပါ (၂)** \| **အသက် ၁၈နှစ် မပြည့်သေးပါ** \| **အခြား (၄)** | ၁။ ဇယားကွက် ပုံနှိပ်ထားသော A4 စာရွက်များ (သင်တန်းသားအရေအတွက်အတိုင်း)<br>၂။ sticky note မဲများ<br>၃။ ခဲတံများ | ဦးဆောင်သူ၊<br>သင်တန်းအကူ |

| | | | | |
|---|---|---|---|---|
| **(အဖြေတစ်ခုသာဖြေဆိုပါ။)** | | | **(၃)** | **(အသေးစိတ်ရေးပါ)** |
| ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခဲ့ဖူးပါသလား။ **(အဖြေတစ်ခုသာဖြေဆိုပါ။)** | **ပေးခဲ့သည် (၁)** | **မပေးခဲ့ပါ (၂)** | **အသက် ၁၈နှစ် မပြည့်သေးပါ (၃)** | **မိမိဒေသတွင်ကြား ဖြတ်ရွေးကောက်ပွဲမရှိပါ (၄)** |
| ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခဲ့ဖူးပါသလား။ **(အဖြေတစ်ခုသာဖြေဆိုပါ။)** | **ပေးခဲ့သည် (၁)** | **မပေးခဲ့ပါ (၂)** | **အသက် ၁၈နှစ် မပြည့်သေးပါ (၃)** | **မိမိဒေသတွင်ကြား ဖြတ်ရွေးကောက်ပွဲမရှိပါ (၄)** |
| မဲပေးရန် အခက်အခဲရှိသော စာမတတ်သူများ၊သက်ကြီးရွယ်အိုများ နှင့် မသန်စွမ်းများကို မဲပေးသည့် အချိန်တွင် လိုအပ်သည့် အကူအညီများ ပေးနိုင်ပါသည်။ **(အကျုံးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူး သည် (၁)** | **လုပ်ဆောင်လိုသည် (၂)** | **မလုပ်ဆောင်လိုပါ (၃)** | **အခြား (၄) (အသေးစိတ်ရေးပါ)** |
| မဲပေးခြင်းနှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ **(အကျုံးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူး သည် (၁)** | **လုပ်ဆောင်လိုသည် (၂)** | **မလုပ်ဆောင်လိုပါ (၃)** | **အခြား (၄) (အသေးစိတ်ရေးပါ)** |
| မိမိကြိုက်နှစ်သက်သည့်ပါတီနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ | **လုပ်ဆောင်ခဲ့ဖူး သည် (၁)** | **လုပ်ဆောင်လိုသည် (၂)** | **မလုပ်ဆောင်လိုပါ (၃)** | **အခြား (၄) (အသေးစိတ်ရေးပါ)** |

| | | | | |
|---|---|---|---|---|
| **(အကျုံးဝင်သမျှ မှတ်ပါ)** | | | | |
| ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ကော်မရှင်အဖွဲ့ဝင်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်စသည့် တာဝန်များကို ထမ်းဆောင်နိုင်ပါသည်။<br>**(အကျုံးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူးသည်**<br>**(၁)** | **လုပ်ဆောင်လိုသည်**<br>**(၂)** | **မလုပ်ဆောင်လိုပါ**<br>**(၃)** | **အခြား**<br>**(၄)**<br>**(အသေးစိတ်ရေးပါ)** |
| မိမိကြိုက်နှစ်သက်သည့်ပါတီနှင့် ကိုယ်စား လှယ်လောင်းများအတွက် မဲရုံကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နိုင်ပါသည်။<br>**(အကျုံးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူးသည်**<br>**(၁)** | **လုပ်ဆောင်လိုသည်**<br>**(၂)** | **မလုပ်ဆောင်လိုပါ**<br>**(၃)** | **အခြား**<br>**(၄)**<br>**(အသေးစိတ်ရေးပါ)** |
| မဲများကို ရေတွက်သည့်အချိန်တွင်လည်း အသိသက်သေတစ်ဦးအဖြစ် စောင့်ကြည့်နိုင်ပါသည်။<br>**(အကျုံးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူးသည်**<br>**(၁)** | **လုပ်ဆောင်လိုသည်**<br>**(၂)** | **မလုပ်ဆောင်လိုပါ**<br>**(၃)** | **အခြား**<br>**(၄)**<br>**(အသေးစိတ်ရေးပါ)** |
| ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ အဖြစ်လည်း | **လုပ်ဆောင်ခဲ့ဖူးသည်** | **လုပ်ဆောင်လိုသည်**<br>**(၂)** | **မလုပ်ဆောင်လိုပါ**<br>**(၃)** | **အခြား**<br>**(၄)** |

| | | | | |
|---|---|---|---|---|
| ပါဝင်ဆောင်ရွက်နိုင်ပါသည်။<br>**(အကျိုးဝင်သမျှ မှတ်ပါ)** | **(၁)** | | | **(အသေးစိတ်ရေးပါ)** |
| **မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒရှင်များ၏ လုပ်ဆောင်နိုင်မှုများ** | | | | |
| ပါတီတိုင်း၊<br>ကိုယ်စားလှယ်လောင်းတိုင်း၏<br>ဟောပြောမှုများကိုသွားရောက်ပြီး<br>သေသေချာချာ နားထောင်သင့်ပါသည်။<br>**(အကျိုးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူး<br>သည်<br>(၁)** | **လုပ်ဆောင်လိုသည်<br>(၂)** | **မလုပ်ဆောင်လိုပါ<br>(၃)** | **အခြား<br>(၄)<br>(အသေးစိတ်ရေးပါ)** |
| ကိုယ်စားလှယ်လောင်းများ၏<br>လုပ်ဆောင် ခဲ့မှုများ၊ နောက်ကြောင်း<br>ရာဇဝင်များနှင့်<br>အကျင့်စာရိတ္တပိုင်းဆိုင်ရာကို<br>သိရှိအောင် လေ့လာထားသင့်ပါသည်။<br>**(အကျိုးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူး<br>သည်<br>(၁)** | **လုပ်ဆောင်လိုသည်<br>(၂)** | **မလုပ်ဆောင်လိုပါ<br>(၃)** | **အခြား<br>(၄)<br>(အသေးစိတ်ရေးပါ)** |
| ပါတီများ၏ မူဝါဒများ၊ ရွေးကောက်ပွဲ<br>ကတိကဝတ်များကို<br>မဲဆန္ဒရှင်များစုဝေးပြီး<br>ဝေဖန်ဆွေးနွေးတိုင်ပင်သင့်ပါသည်။<br>**(အကျိုးဝင်သမျှ မှတ်ပါ)** | **လုပ်ဆောင်ခဲ့ဖူး<br>သည်<br>(၁)** | **လုပ်ဆောင်လိုသည်<br>(၂)** | **မလုပ်ဆောင်လိုပါ<br>(၃)** | **အခြား<br>(၄)<br>(အသေးစိတ်ရေးပါ)** |

<table>
<tr>
<td></td>
<td></td>
<td>
<table>
<tr>
<td>မရှင်းလင်းသေးသောအချက်အလက်များကိုလည်း ပါတီများနှင့် ကိုယ်စားလှယ်လောင်းများထံ သွားရောက်ပြီး မေးမြန်းဆွေးနွေး သင့်ပါသည်။<br>(အကျုံးဝင်သမျှ မှတ်ပါ)</td>
<td>လုပ်ဆောင်ခဲ့ဖူးသည်<br>(၁)</td>
<td>လုပ်ဆောင်လိုသည်<br>(၂)</td>
<td>မလုပ်ဆောင်လိုပါ<br>(၃)</td>
<td>အခြား<br>(၄)<br>(အသေးစိတ်ရေးပါ)</td>
</tr>
</table>
</td>
<td></td>
<td></td>
</tr>
<tr>
<td>၁၀း၃၀-<br>၁၀း၄၅</td>
<td>ခတ္တနားချိန်<br>(tea break)</td>
<td></td>
<td></td>
<td></td>
</tr>
<tr>
<td>၁၀း၄၅ -<br>၁၁း၁၅</td>
<td>မဲဆန္ဒရှင်များအနေဖြင့်ကြိုတင်လုပ်ဆောင်ထားရမည့်အချက်များနှင့်သတိပြုရမည့်အချက်များ<br><br>(၃၀ မိနစ်)</td>
<td>
<ul>
<li>အုပ်စု ၅စုခွဲပါ။</li>
<li>သင်တန်းအကူမှ တစ်အုပ်စုလျှင် flipchart တစ်ခုစီဝေပါ။</li>
<li>အုပ်စုတစ်စုချင်းစီအနေဖြင့် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲမကျင်းပခင်နှင့် ကျင်းပသည့်နေ့ရက်တွင် ကြိုတင်လုပ်ဆောင်ထားရမည့် အချက်များနှင့် သတိပြုရမည့် အချက်များကို flipchart ပေါ်တွင် ဆွေးနွေး၍ စာရင်းပြုစုခိုင်းပါ။</li>
</ul>
<table>
<tr><td>
၁။ မဲစာရင်းတွင် မိမိ၏ အမည်ပါအောင် ကြိုတင်ပြီးလုပ်ဆောင်ထားရပါမည်။<br><br>
၂။ မဲစာရင်းတွင် မိမိတို့၏ အမည်မပါခဲ့လျှင်လည်း သတ်မှတ်ထားသော အချိန်အတောအတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွင် သွားရောက်ပြီး တင်ပြတောင်းဆိုရပါမည်။<br><br>
၃။ မိမိမဲပေးရမည့် မဲရုံမည်သည့်နေရာတွင် တည်ရှိနေသည်ကို ကြိုတင်ပြီး သိရှိအောင် လုပ်ထားရန်လိုအပ်ပါသည်။<br><br>
၄။ မဲသွားပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့) သက်သေခံလက်မှတ် တစ်ခုခုကို ယူဆောင်သွားရပါမည်။<br><br>
၅။ မနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မဲသွားပေးနိုင်ပါသည်။<br><br>
၆။ မဲစာရွက်များ မပြမစုတ်ရအောင်၊ အစွန်းအထင်းမဖြစ်ရအောင် သတိပြုရပါမည်။<br><br>
၇။ မဲစာရွက်များ စုတ်ပြဲနေခဲ့လျှင်လည်း မဲစာရွက်အသစ်ဖြင့် ပြန်ပြီးလဲလှယ်ပေးရန် မဲရုံတာဝန်ရှိသူများကို ပြောကြားရပါမည်။
</td></tr>
</table>
</td>
<td>၁။ flip chart ၅ စုံ<br>၂။ permanent markers ၅ ခု</td>
<td>ဦးဆောင်သူ၊သင်တန်းအကူ</td>
</tr>
</table>

| | | | | |
|---|---|---|---|---|
| | | ၈။ မဲစာရွက်များတွင် မဲရုံမှူးလက်မှတ်နှင့် ကော်မရှင်တံဆိပ်များ ပါရမည်။<br>၉။ မိမိဆန္ဒမဲပေးလိုသည့် ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် အမှတ်အသားဘေးဘက် သတ်မှတ်ထားသော လေးထောင့်အကွက်ထဲတွင် ဆန္ဒပြုရပါမည်။<br>၁၀။ ဆန္ဒမဲပေးသည့်အခါတွင်လည်း လွှတ်တော်တစ်ရပ်အတွက် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ မဲပေးရွေးချယ်ရပါမည်။<br>၁၁။ ဆန္ဒမဲများကို လွှတ်တော်သုံးရပ်စလုံးအတွက် ပေးရပါမည်။<br>၁၂။ မဲရုံသတ်မှတ်နေရာအတွင်းတွင် မဲဆွယ်စည်းရုံးရေး သဘောဆောင်သည့် အပြုအမူနှင့် အပြောအဆိုများကို မပြုလုပ်ရပါ။<br>ထို့နောက် PP ကိုပြပြီး အထက်ပါအချက်များနှင့် ပြန်တိုက်ပါ။ | | |
| **၁၁း၁၅-၁၂း၃၀** | **ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ၊ ဒေသပြဿနာများနှင့် လွှတ်တော်ကိုယ်စားလှယ်၏ အရည်အသွေး**<br>**(၁ နာရီ ၁၅ မိနစ်)** | **လေ့ကျင့်ခန်း (၄၅ မိနစ်)**<br>အုပ်စု (၄) စုခွဲပါ။<br>• ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများနှင့် PACE survey အရ နိုင်ငံသားများ ဖြေဆိုမှုကို PP ပြ၍ဆွေးနွေးပါ။<br>• ထို့နောက်အုပ်စုတစ်ခုစီသည် ကိုယ်စားလှယ်လောင်းအား မဲပေးရာတွင် ၎င်းတို့ အဓိကထားကြည့်ရှုသည့် အချက်များကို စာရင်းပြုစုခိုင်းပြီး "ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ" ခေါင်းစဉ်တပ်၍ Flip Chart စာရွက်ပေါ်တွင်ရေးသားပါ။<br>• သင်တန်းအကူမှ Flipchart များကို အုပ်စုတစ်စုစီအတွက် နေရာ၄ ခုခွဲ၍ ကပ်ထားပါ။ နေရာတစ်နေရာစီတွင် နောက်ထပ် flipchart ၂ခု ကပ်ရန် နေရာလုပ်ထားပါ။<br>• အုပ်စုတစ်ခုစီအားထပ်မံ၍ ၎င်းတို့ဒေသတွင်ရင်ဆိုင်နေရသည့် ပြဿနာများကို စာရင်းပြုစုပြီး "ပြဿနာများ" ခေါင်းစဉ်တပ်ထားသည့် flipchart စာရွက်တွင် ရေးပါ။ ယမန်နေ့ကပြုလုပ်ခဲ့သော "ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ" flipchart စာရွက်၏ ဘေးတွင်ကပ်ပါ။<br>• PPကိုသုံးပြီး "ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ" နှင့် "လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ" နှင့် PACE အဖွဲ့၏ နိုင်ငံသားများ၏ သဘောထားအမြင်စစ်တမ်းမှ တွေ့ရှိချက်များကို ဆွေးနွေးပါ။<br>• ထို့နောက်အုပ်စုတစ်ခုစီကို ၎င်းတို့၏ ကိုယ်စားလှယ်လောင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်သွားပြီ ဟုပြောဆိုပြီး၊ ၎င်းလွှတ်တော်ကိုယ်စားလှယ်အား ဆောင်ရွက်စေလိုသည်များကို "လွှတ်တော်ကိုယ်စားလှယ်ဆောင်ရွက်စေလိုသည်များ" | ၁။ Flip chart ၁၂ ရွက်<br>၂။ power point<br>၃။ permanent markers ၄ ချောင်း | ဦးဆောင်သူ၊ သင်တန်းအကူ |

| | | | | |
|---|---|---|---|---|
| | | ခေါင်းစဉ် တပ်ထားသော Flip Chart စာရွက်တွင်စာရင်းပြုစုပါ။ ဒုတိယစာရွက်၏ဘေးတွင်ကပ်ပါ။<br>• အုပ်စု ၁ နှင့် အုပ်စု ၂၊ အုပ်စု ၃ နှင့် အုပ်စု ၄ အပြန်အလှန်အားဖြင့် အခြားအုပ်စု၏ဆွေးနွေးချက် စာရွက် ၃ရွက်ပေါ်တွင် ရေးထားသောအချက်များကို ကြည့်ရှုပြီး “ပြဿနာများ” ကို “ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ”၊ “လွှတ်တော်ကိုယ်စားလှယ် ဆောင်ရွက်စေလိုသည်များ” ပြဿနာများကို ဖြေရှင်းနိုင်ခြေမည်မျှရှိသည်နှင့် “ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ” သည်လည်း “လွှတ်တော်ကိုယ်စားလှယ်ဆောင်ရွက်စေလိုသည်များ” နှင့် ကိုက်ညီမှုရှိမရှိကိုလေ့လာခိုင်းပါ။<br>• ဦးဆောင်သူအနေဖြင့် အုပ်စုတစ်ခုစီအလိုက် စာရွက် ၃ ရွက်ပေါ်တွင် ရေးထားသောအချက်များကို ကြည့်ရှုပြီး “ပြဿနာများ” ကို “ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများ”၊ “လွှတ်တော်ကိုယ်စားလှယ်ဆောင်ရွက်စေလိုသည်များ” နှင့် ချိတ်ဆက်ပြီး အကြံပြုဆွေးနွေးပါ။ | | |
| ၁၂း၃၀ - ၁း၃၀ | နေ့လည်စာ | | | |
| ၁း၃၀ - ၁း၄၅ | **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု (၁၅ မိနစ်)** | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို သင်ကြားရန်အတွက် ဦးစွာပထမ သမာသမတ်ကျသောရွေးကောက်ပွဲအကြောင်း PP ဖြင့်ရှင်းပြပါ။<br>ထိုအချက်များ ရှိ၊ မရှိ ကိုတိုင်းတာရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်နိုင်ပါသည်။<br>အခြားအကြောင်းအရာ၊ ဥပမာများကိုလည်း သင်တန်းသားများကို မေးမြန်းဆွေးနွေးပါ။ | ၁။ power point | ဦးဆောင်သူ |
| ၁း၄၅ - ၂း၁၅ | **စောင့်ကြည့်လေ့ လာရမည့်ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း (၃၀ မိနစ်)** | • စောင့်ကြည့်လေ့လာရမည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို PP ဖြင့်ရှင်းပြပါ။<br>• ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု၏ အခန်းကဏ္ဍာကို PP ကိုပြသပြီး ရှင်းပြပါ။<br>• စောင့်ကြည့်လေ့လာသူ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ PP ကို ဆက်လက်ပြသရှင်းလင်းပါ။ | ၁။ power point | ဦးဆောင်သူ |

| | | | | |
|---|---|---|---|---|
| ၂း၁၅ - ၃း၀၀ | **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုပုံစံ (၄၅ မိနစ်)** | • စောင့်ကြည့်လေ့လာမှုပုံစံများ ကို PP ဖြင့် ရှင်းပြပါ။ **(slide 79 – 91)**<br>• ထို့နောက် **"ရွေးကောက်ပွဲနေ့စောင့်ကြည့်လေ့လာခြင်း စောင့်ကြည့်လေ့လာမှုပုံစံ"** စာရွက်များကို သင်တန်းသားများအား ပေးဝေပါ။<br>• စောင့်ကြည့်လေ့လာမှု ပုံစံမှ မေးခွန်းတစ်ခုချင်းစီတိုင်းအတွက် **"ပါဝင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု"** ထဲမှ မည်သည့်အတွက် စောင့်ကြည့်သည်ကို ရွေးခိုင်းပါ။<br>• ဤလေ့ကျင့်ခန်း၏ အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်။<br>{**AC** – (b/c), **AE** – (a/b/c),<br>**BD** မှ **BH** – (a), **BJ** မှ **BM** – (b/c), **BN** – (b), **BP** – (b),<br>**CA** – (c), **CE** မှ **CG** – (b), **CH** – (a/b), **CJ** – (a/b), **CK** မှ **CN** – (b), **CP** – (a/b), **CQ** – (a/b), **CR** – (b), **CS** – (b), **CT** – (c),<br>**DA** – (c), **DB** – (b), **DF** – (c), **DG** – (b/c), **DH** – (c), **DJ** – (b), **DK** – (b/c), **DM** – (b), **DN** – (b/c)} | ၁။ power point | ဦးဆောင်သူ |
| ၃း၀၀ - ၃း၁၅ | **ခဏနားချိန် (tea break)** | | | |
| ၃း၁၅ - ၃း၄၅ | **ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံရေးဖြစ်စဉ် စောင့်ကြည့်လေ့လာမှု (၃၀ မိနစ်)** | ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံရေးဖြစ်စဉ် စောင့်ကြည့်လေ့လာမှုများအကြောင်းကို PP သုံး၍ရှင်းပြပါ။<br>ဒေသအလိုက် နိုင်ငံရေးစောင့်ကြည့်လေ့လာနိုင်သည့် နမူနာနယ်ပယ်များအကြောင်းကိုလည်း PP သုံး၍ရှင်းပြပါ။ | ၁။ power point | ဦးဆောင်သူ |
| ၃း၄၅ - ၄း၀၀ | **သင်တန်းအပြီး မေးခွန်းဖြေဆိုခြင်း** | သင်တန်းအကူမှ သင်တန်းအပြီးမေးခွန်းများအား သင်တန်းသားများကိုပေး၍ ဖြေဆိုခိုင်းပါ။ | ၁။သင်တန်းအပြီးစစ်ဆေးမေးခွန်းများ (သင်တန်းသား အရေအတွက်အတိုင်း) | |

| | | | | |
|---|---|---|---|---|
| **၄း၀၀ - ၄း၁၅** | **နားလည်မှုအကဲဖြတ်ခြင်း (၁၅ မိနစ်)** | • သင်တန်းအကူမှ Flip Chart ပေါ်တွင် မျဉ်း ၃ ပိုင်း ပိုင်းပြီး အပြုံးမျက်နှာ၊ အတည်မျက်နှာ နှင့် အမဲ့မျက်နှာများရေဆွဲထားပါ။<br>• သင်တန်းသား တစ်ဦးစီကို Sticker တစ်ခုစီပေးဝေပြီး၊ ယနေ့သင်ကြားမှုနှင့်ပတ်သက်၍ ၎င်းတို့ခံစားချက်ကို သက်ဆိုင်ရာ မျက်နှာများ၏ အောက်တွင်ကပ်ခိုင်းပါ။<br>အပြုံးမျက်နှာ သည် အားလုံးအဆင်ပြေသည်ကို ညွှန်းဆိုသည်။<br>အတည်မျက်နှာ သည် ရှုပ်ထွေးမှုများရှိနေသေးသည်ကို ညွှန်းဆိုသည်။<br>အမဲ့မျက်နှာမှမူ သင်ကြားမှုနှင့် ပတ်သက်၍ အဆင်မပြေမှုကို ညွှန်းဆိုသည်။ | ၁။ မျက်နှာများပါသော Flip Chart<br>၂။ စတစ်ကာ | သင်တန်းအကူ |